# ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

# မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ(မူကြမ်း)
# အသစ် ပြန်လည်ရေးဆွဲမှု တင်ပြခြင်း

ရက်စွဲ၊၂၅.၆.၂၀၁၅

# မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ

(၂၀၁၅ ခုနှစ် လွှတ်တော်ဥပဒေအမှတ်)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို၂၀၁၅ခုနှစ်၊မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ခရီးသည်တည်းခိုရန်နေရာ**ဆိုသည်မှာ ဟိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ မိုတယ်၊ အိပ်ယာနှင့် နံနက်စာစား စီစဉ်ပေးသည့်နေရာ၊ တည်းခိုရိပ်သာ၊ စခန်းချတည်းခိုသည့်နေရာနှင့် စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးသည့် မည်သည့်အဆောက်အအုံ၊ ပရိဝုဏ် သို့မဟုတ် ရေယာဉ်အားလုံးကိုမဆို ဆိုသည်။

(ခ) **ခရီးသည်**ဆိုသည်မှာ အလုပ်လုပ်ကိုင်ရန်မဟုတ်ပဲ အခြားရည်ရွယ်ချက် အမျိုးမျိုးဖြင့် မိမိတို့အမြဲတမ်းနေထိုင်ရာဒေသပြင်ပရှိ ခရီးစဉ်ဒေသတစ်ခုခုသို့ တစ်နှစ်ထက်မကျော်လွန်သော အချိန်ကာလအတွင်း ခရီးသွားလာသောသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်းခရီးသည်၊ ပြည်ဝင်ခရီးသည်နှင့် ပြည်ပခရီးသည်များ၏ တစ်ညအိပ်နှင့် နေ့ချင်းပြန် သွားလာသူများလည်း ပါဝင်ပါသည်။

(ဂ) **ခရီးသွားလာရေး**ဆိုသည်မှာလူတစ်ဦးသည်ကိုယ်ရေးကိုယ်တာကိစ္စသို့မဟုတ် စီးပွားရေး၊ လူမှုရေး၊ယဉ်ကျေးမှု အသက်မွေးမှုဆိုင်ရာ ကိစ္စရပ်အလို့ငှာ မိမိတို့နေထိုင်ရာနိုင်ငံမှ အခြားနိုင်ငံများသို့သော်လည်းကောင်း သို့မဟုတ်မိမိတို့နိုင်ငံအတွင်း အမြဲနေထိုင်သောဒေသမှ ပြင်ပနေရာဒေသများသို့သော်လည်းကောင်း သွားလာခြင်းများကိုဆိုသည်။

(ဃ) **ခရီးစဉ်**ဆိုသည်မှာ ခရီးသွားလုပ်ငန်းဆိုင်ရာ သွင်ပြင်လက္ခဏာရှိသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုစုစည်းထားသော အစီအစဉ်တစ်ခုဖြစ်သည်။

(င) **ခရီးသွားလုပ်ငန်းဝန်ဆောင်မှု**ဆိုသည်မှာ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်တည်းခိုနေထိုင်ရေး၊သယ်ယူပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်ပြသရေး၊ ခရီးစဉ်ဆောင်ရွက်ပေးသောလုပ်ငန်းများနှင့် ခရီးသွားကိုယ်စားလှယ်လုပ်ငန်းများ၊ ခရီးသွားလာမှုအတွက် ကြိုတင်ပြင်ဆင်သည့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။

(စ) **ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ**ဆိုသည်မှာ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများ အပါအဝင်ခရီးသွားလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသူများကို ဆိုသည်။

(ဆ) **ခရီးသွားလာသူများပို့ဆောင်ရေး**ဆိုသည်မှာစီးပွားရေးအလို့ငှာလူများကိုမော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်ဖြင့်ဖြစ်စေ သို့မဟုတ် အခြားတနည်းနည်းဖြင့်ဖြစ်စေ သွားလာနိုင်သောယာဉ်တစ်မျိုးမျိုးဖြင့် တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

(ဇ) **ခရီးစဉ်စီစဉ်ဆောင်ရွက်မှုလုပ်ငန်း** ဆိုသည်မှာစီးပွားရေးအလို့ငှာ ခရီးသည်များအတွက် ခရီးစဉ်စီစဉ်ခြင်း၊ စုစည်းခြင်း၊ရောင်းချခြင်းများအား ကိုယ်ပိုင်အမည်ဖြင့်ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဈ) **ခရီးသွားကိုယ်စားလှယ်လုပ်ငန်းနှင့်အခြားခရီးစဉ်ကြိုတင်စီစဉ် ဝန်ဆောင်မှုလုပ်ငန်းများ** ဆိုသည်မှာ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုတစ်မျိုးမျိုးကို ကိုယ်စားလှယ်အဖြစ်ခံယူ၍ ရောင်းချသော စီးပွားရေးလုပ်ငန်းကိုဆိုသည်။

(ည) **ဧည့်လမ်းညွှန်** ဆိုသည်မှာစီးပွားရေးအလို့ငှာခရီးသည်များအား ဆွဲဆောင်နိုင်သော ခရီးစဉ်နေရာများကိုလမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းလင်းခြင်းများ ဆောင်ရွက်သူကိုဆိုသည်။

(ဋ) **ဥပဒေစည်းကမ်းအတိုင်းကြော်ငြာစာထုတ်ပြန်ခြင်း** ဆိုသည်မှာ ပုဒ်မ ၄၆ ပါ ဥပဒေစည်းကမ်းအတိုင်း ကြော်ငြာစာထုတ်ပြန်မှုဆိုင်ရာ ကြိုတင်သတိပေးခြင်းကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဝန်ကြီး**ဆိုသည်မှာ ပုဒ်မခွဲ(ဌ)ပါ ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဏ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကို စစ်ဆေးနိုင်ရန် ဦးစီးဌာနကဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။

(တ) **ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ** ဆိုသည်မှာ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအမှုဆောင်အဖွဲ့၊ အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် အယူခံအဖွဲ့တို့ကိုဆိုသည်။

(ထ) **ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ ပုဒ်မ ၁၇ အရပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

(ဒ) **ဤဥပဒေ**ဆိုသည်မှာဤခရီးသွားလုပ်ငန်းဥပဒေနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဥပဒေအရ ထပ်ဆင့်ထုတ်ပြန်ချက်များကို ဆိုသည်။

(ဓ) **ပြဋ္ဌာန်းထားသော**ဆိုသည့်စကားရပ်သည်ဤဥပဒေအရပြဋ္ဌာန်းထားသည်များကိုဆိုသည်။

(န) **၁၉၉၃ခုနှစ်၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ**ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် (၁၄/၉၃) ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် တာဝန်သိခရီးသွားလုပ်ငန်းအလေ့အကျင့်များကိုတိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်းပြည်ပဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းကိုအထောက်အကူ ပြုစေရန်၊

(ဂ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ ခရီးသည်များ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၏ စိတ်ချရမှုကို အာမခံပေးရန်၊

(ဃ) ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှုကို အာမခံနိုင်ရန်၊

(င) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်သွားရန်၊

(စ) ဟိုတယနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအတတပညာရပ်များတိုးတက်ထွန်းကားစေ၍အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊

## အခန်း (၃)
## ခရီးသွားလုပ်ငန်းညှိနှိုင်းရေးအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က) နိုင်ငံတော်ဒုတိယသမ္မတ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့တွင် ခရီးသွားလုပ်ငန်းအတွက် တာဝန်ယူဆောင်ရွက်ရသည့်ဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်သက်ဆိုင်သောဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်

၅။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာနများမှာ အောက်ဖော်ပြပါအရေးအရာများနှင့် သက်ဆိုင်သောပြည်ထောင်စုဝန်ကြီးဌာန များကိုဆိုသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) သမဝါယမဝန်ကြီးဌာန

(ဃ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(င) ပို့ဆောင်ရေးဝန်ကြီးဌာန

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဆ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဇ) ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဌ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဍ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

**ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု**

၆။ ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် အစိုးရတာဝန်ရှိသူများအားလုံးတို့သည်

(က) ဤဥပဒေ၏ ရည်မှန်းချက်များ အကောင်းဆုံးထိရောက် အောင်မြင်စေရန် ဥပဒေနှင့်အညီ ညီညွတ်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရမည်။

(ခ) ခရီးသည်များခရီးသွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ရိုးလုပ်စဉ်များကို ရိုးရှင်းစွာ ပြဋ္ဌာန်းထားရှိရမည်။

(ဂ) ခရီးသည်များကို ခွဲခြားဆက်ဆံခြင်းမပြုရ။

(ဃ) တာဝန်ဝတ္တရားများနှင့်စီရင်ပိုင်ခွင့်များကို ရှင်းလင်းစွာ ဖြန့်ဝေထားရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။

(င) တာဝန်ဝတ္တရားများနှင့် စီရင်ပိုင်ခွင့်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တတ်နိုင်သမျှဒေသအဆင့်တွင်သာ ဆောင်ရွက်သင့်ပြီး အရေးပါသောကိစ္စရပ်များကိုသာ အမျိုးသားအဆင့်၌ ဆောင်ရွက်သင့်သည်။

**စီမံကိန်းချမှတ်ခြင်း**

၇။ ဤဥပဒေ၏ ရည်မှန်းချက်များနှင့်အညီ ရေရှည်တည်တံ့ပြီး တာဝန်သိသော ခရီးသွားလုပ်ငန်း တစ်ရပ်အဖြစ် ပေါ်ပေါက်လာရေးအတွက် စီမံကိန်းချမှတ်ရန်လိုအပ်ပြီး အောက်ပါအချက်များ ပါဝင် သင့်ပါသည်-

(က) သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာပိုင်ဆိုင်မှုများ၊ အဓိကနေထိုင် ကျက်စား ပေါက်ရောက်နေကြသော သက်ရှိသတ္တဝါများနှင့် သစ်ပင်ပန်းပင်များအတွက် မြေပုံ ရေးဆွဲခြင်းနှင့် ဇုံနေရာသတ်မှတ်ခြင်း၊

(ခ) အထူးအကာအကွယ်ပေးရန် လိုအပ်လာပါက ဇုံနေရာသတ်မှတ်ရန် စီမံကိန်းရေးဆွဲခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းကို ထည့်သွင်းစဉ်းစားသော မြို့ပြစီမံကိန်းဖြစ်ခြင်း၊

၈။ သတ်မှတ်ဖော်ပြထားသည့်လိုအပ်ချက်များနှင့်ကိုက်ညီသော နေရာဒေသတစ်ခုခုကိုသာခရီးသွား လုပ်ငန်းအတွက် သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်နိုင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၏ထိခိုက်မှု ဆန်းစစ်ချက်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက်တို့ လုပ်ဆောင်ရန် လိုအပ်ပြီး သိသာထင်ရှား သောအခက်အခဲ၊ အတားအဆီးများ မရှိမှသာ ခရီးသွားလုပ်ငန်းနေရာဒေသတစ်ခုအဖြစ် သတ်မှတ် ဖော်ထုတ်ရမည်။

၉။ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးအမှုဆောင်အဖွဲ့သည် ဝန်ကြီးဌာနက ဆောင်ရွက်ရမည့်ခရီးသွား လုပ်ငန်းနှင့် သက်ဆိုင်သည့် ညှိနှိုင်းမှုများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဤဥပဒေ၏ရည်ရွယ် ချက်များနှင့်အညီခရီးသွားလုပ်ငန်းထိရောက်စွာဖွံ့ဖြိုးစေရန်အတွက် ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ရှင်းလင်း သော တာဝန်ယူမှုနှင့် စီရင်ဆုံးဖြတ်မှုတို့ကို လုပ်ဆောင်ရမည်။

၁၀။ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးအမှုဆောင်အဖွဲ့အနေဖြင့် အဖွဲ့၏ဖွဲ့စည်းပုံစည်းမျဉ်းများကို ရေးဆွဲ ဆောင်ရွက်ရာတွင် အောက်ပါကိစ္စရပ်များပါဝင်ရမည်-

(က) အဖွဲ့၏ပုံမှန်အစည်းအဝေးကိုတစ်နှစ်လျှင်(၄)ကြိမ်ကျင်းပရန်နှင့် အရေးပေါ်ကိစ္စရပ်များ အတွက် အထူးအစည်းအဝေးများကျင်းပခြင်း၊

(ခ) အစည်းအဝေး အထမြောက်ရန် အနည်းဆုံး လိုအပ်သည့်ဦးရေနှင့် ဆန္ဒမဲပေးနိုင်သော အခွင့်အလမ်းများရှိခြင်း၊

## အခန်း (၄)

## အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အောက်ပါ အစိုးရဌာနများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းအဖွဲ့သည် လုပ်ငန်းအဖွဲ့များနှင့် အခြားအဖွဲ့ငယ်များကို ထပ်ဆင့်ဖွဲ့စည်းနိုင်ကာ ဤဥပဒေအရ ဆောင်ရွက်ရမည့် အခွင့်အာဏာများအား ခွဲဝေပေးသွားနိုင်သည်-

(က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ

(ဂ) ပုဂ္ဂလိကအဖွဲ့အစည်းများ

၁၂။ အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၏ လုပ်ငန်းစဉ်များနှင့်တာဝန်များမှာ-

(က) ဤဥပဒေ၏ရည်ရွယ်ချက်များနှင့်အညီ မူဝါဒဆိုင်ရာကိစ္စများ၊ စီမံခန့်ခွဲမှုဥပဒေဆိုင်ရာကိစ္စများနှင့် ကျင့်ဝတ်ဥပဒေဆိုင်ရာကိစ္စများရေးဆွဲခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာကိစ္စ၊ လိုင်စင်အမျိုးအစားခွဲခြားခြင်းဆိုင်ရာကိစ္စနှင့် ဝင်ကြေးကောက်ခံခြင်းဆိုင်ရာကိစ္စများအပါအဝင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလမ်းညွှန်ချက်များချမှတ်ပေးရန်။

(ခ) အရည်အသွေးနှင့် လုံခြုံစိတ်ချမှုစံနှုန်းများ သတ်မှတ်ပေးရန်။

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနမှ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများ ထုတ်ပြန်နိုင်ရန်အတွက် အကြံဉာဏ်များပေးရန်။

(ဃ) ခရီးသွားလုပ်ငန်းညှိနှိုင်းရေးအမှုဆောင်အဖွဲ့က ပြုလုပ်မည့် အစည်းအဝေးအစီအစဉ်များတွင် ထည့်သွင်းဆွေးနွေးမည့် အကြောင်းအရာများအား အကြံပြုပေးရန်။

(င) နိုင်ငံတော်အဆင့်အရေးကြီးသည့် စီမံကိန်းများအတွက် လမ်းညွှန်ချက်များပေးရန်။

(စ) ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များအား လေ့လာဆန်းစစ်မှုပြုရန်။

(ဆ) မြန်မာနိုင်ငံအား ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ် ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိလာစေရေး ဈေးကွက်ရှာဖွေရန်နှင့် ဈေးကွက်မြှင့်တင်ရန်။

### ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၃။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ဦးစီးဌာန ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း။

(ခ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ ၄င်းလုပ်ငန်းရှင်များကိုယ်စား တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း၊ တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးတို့အတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများ၊ ပြပွဲများ ကျင်းပခြင်းနှင့် သုတေသနပြုမှုလုပ်ငန်းများ ဆောင်ရွက်စေခြင်း။

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများအကြား ပြိုင်ဆိုင်မှုဖြင့် အရည်အသွေးတိုးတက်မြင့်မားစေရန သတ်မှတ်ကာလအတွင်း စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်း၊ အဆင့်အတန်း သတ်မှတ်ပေးခြင်း၊ အရည်အသွေး ကောင်းမွန်သူများကို ချီးမြှင့်ခြင်း၊ သတ်မှတ်အရည်အချင်းမရှိသူများကို ပညာပေးခြင်းနှင့် အရေးယူခြင်း။

(စ) နိုင်ငံခြားခရီးသည်များက မြန်မာနိုင်ငံအကြောင်းကို ပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာလိုစိတ် ပွားများလာစေရန် လိုအပ်သည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များ၊ အစီအမံများချမှတ်ပေးခြင်း။

(ဆ) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်ဒေသများ သတ်မှတ်ခြင်း။

(ဇ) မြန်မာနိုင်ငံ၏ ရေ၊ မြေ သဘာဝအလှအပများ၊ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ဖြစ်စေမည့်လုပ်ငန်းများအား စီမံဆောင်ရွက်ခြင်း။

(ဈ) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ည) ခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာရရှိရေးနှင့်သက်တမ်းတိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန်သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်များနှင့်လိုအပ်သော မြို့နယ်များတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း။

(ဌ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုအခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၄။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ -

(က) အမျိုးသား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ကလည်းကောင်း၊ ဝန်ကြီးဌာနက လည်းကောင်း ချမှတ်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး အဆင့်အတန်း တိုးတက်မြင့်မား လာစေရေးနှင့်အတတ်ပညာရပ်များစနစ်တကျတိုးတက်ပြန့်ပွားစေရေးအတွက် လေ့ကျင့်ပေးခြင်း၊သင်တန်းပေးခြင်း။

(ဂ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း။

(ဃ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

(င) ခရီးစဉ်ဒေသအသီးသီးတို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့်အရည်အသွေး မြင့်မားတိုးတက်ရေး ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

(စ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကိုစစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

(ဆ) ဟိုတယ်များအား နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် ကြီးကြပ် ကွပ်ကဲဆောင်ရွက်ခြင်း။

(ဇ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဈ) နိုင်ငံခြားခရီးသည်များ၏ လုံခြုံရေးရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ စိတ်အနှောက်အယှက်မဖြစ်စေရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ခြင်း။

(ည) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းအသီးသီးမှမေးမြန်းသည့်မေးခွန်းများကို ဖြေကြား နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

(ဃ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်တင်ပြခြင်းနှင့် တိုးတက်မှုကို အစီရင်ခံခြင်း။

(ဎ) ပြည်တွင်းပြည်ပလေ့ကျင့်ပညာပေးရေး လုပ်ငန်းများအတွက် ဆောင်ရွက်ခြင်း။

(ဍ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုများနှင့် နှိုင်းယှဉ်ချိန်ထိုးကာဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို သုတေသန ပြုလုပ်ခြင်း၊ လေ့လာခြင်း၊ စာတမ်းပြုစုခြင်း။

(ပ) ခရီးစဉ်အသစ်များ ဖေါ်ထုတ်ရေးဆွဲရာတွင် သုတေသနပြုစာတမ်းများ၊ စီမံချက်များ ရေးဆွဲခြင်း။

(ဏ) နိုင်ငံအတွင်းသို့ နိုင်ငံခြားခရီးသည်များ ဝင်ရောက်မှုနှင့် ငွေကြေးသုံးစွဲမှု စာရင်းမှတ်တမ်း ပြုစုခြင်း။

(တ) ပြည်တွင်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း၊ ဧည့်လမ်းညွှန်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း။

(ထ) သတင်းအချက်အလက်များကို စုဆောင်းထိန်းသိမ်းထားရှိပြီး ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၏ မေးမြန်းစုံစမ်းချက်များ ဖြေကြားခြင်း။

## အခန်း (၅)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များပါဝင်သောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အသီးသီးကိုဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းလုပ်ငန်းအာဏာပိုင်အဖွဲ့သည် လုပ်ငန်းအဖွဲ့များနှင့် အခြားအဖွဲ့ငယ်များကို ထပ်ဆင့်ဖွဲ့စည်းနိုင်ကာ ဤဥပဒေအရ ဆောင်ရွက်ရန် အခွင့်အာဏာများကို ခွဲဝေပေးသွားနိုင်သည်။

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ရှိ ပုဂ္ဂလိကအဖွဲ့အစည်းများ

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးခွဲများ

### တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၏လုပ်ငန်းစဉ်များနှင့်တာဝန်များ

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ လုပ်ငန်းစဉ်များနှင့်တာဝန်များမှာ-

(က) အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ချမှတ်ပေးသောမူဝါဒများနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ချမှတ်ပေးထားသောမူဝါဒနှင့် လမ်းညွှန်ချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများသို့ ချမှတ်ပေးရန်။

(ဂ) ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက် အလက်များအား ကောက်ယူရန်နှင့် အမျိုးသား ခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့သို့ ဆက်လက်တင်ပြ ပေးပို့ရန်။

(ဃ) အခြားတစ်နည်းနည်းဖြင့် ပြဋ္ဌာန်းချက်များ မရှိပါက လိုင်စင်ထုတ်ပေးခြင်း၊ လိုအပ်သလို စိစစ်ခြင်း၊စစ်ဆေးခြင်း၊ ယင်းနှင့်ဆက်စပ်သောလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်သွားရန်။

(င) ဤဥပဒေတွင် အခြားအသင်းအဖွဲ့များသို့လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် တာဝန်များအား သတ်မှတ်ပေးထားခြင်းမရှိသေးသဖြင့် နောင်လုပ်ငန်းစဉ်များနှင့် တာဝန်များ ရှိလာပါက ထပ်မံ၍သတ်မှတ်သွားရန်။

**ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း**

၁၇။ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းဆိုသည်မှာ ယင်းတို့ကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းကိုဆိုသည်။ ယင်းအဖွဲ့မှ အဖွဲ့ဝင်များသည် ဥပဒေပိုင်းဆိုင်ရာကိစ္စ၊ ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် ပညာရေးစသည့် လုပ်ငန်းများကိုဆောင်ရွက်ရမည်။

## အခန်း (၆)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၁၈။ ဟိုတယ်လုပ်ငန်းသို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသည့် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းစီမံချက် အကောင်အထည်မဖော်မီ အဆောက် အဦတည်ဆောက်ခွင့်၊ ပြုပြင်မွမ်းမံခွင့်များအတွက် အနာဂတ်စီမံကိန်းများကို ထိခိုက်မှုမရှိစေဘဲ ကြိုတင်၍ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင် အဖွဲ့သို့သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

**လိုင်စင်လျှောက်ထားခြင်း**

၁၉။ လိုင်စင်ကို လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့အစည်းသို့ သတ်မှတ်ဖော်ပြထားသော စာရွက်စာတမ်း အထောက်အထား သို့မဟုတ် အချက်အလက်များဖြင့် ပူးတွဲတင်ပြလျှောက်ထားရမည်။ သီးခြားပြဋ္ဌာန်းထားမှုများမရှိပါက ဆုံးဖြတ်ပေးရမည့် လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့မှာ သက်ဆိုင်ရာလုပ်ငန်း ရုံးတည်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့ဖြစ်သည်။ ခရီးသည်တည်းခိုနေထိုင်ရေးနှင့် ပတ်သက်သည့် လိုင်စင်ထုတ်ပေးနိုင်သောအာဏာပိုင်အဖွဲ့မှာ ယင်းလုပ်ငန်းတည်ရှိရာအရပ်ရှိ လိုင်စင်ထုတ်ပေးနိုင်သောအာဏာပိုင်အဖွဲ့ ဖြစ်သကဲ့သို့ ဧည့်လမ်းညွှန်နှင့်ပတ်သက်သည့် လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့မှာလည်း ယင်းပုဂ္ဂိုလ်နေထိုင်ရာအရပ်ရှိ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့ ပင်ဖြစ်ပါသည်။

**အခန်း (၇)**

**အဆုံးအဖြတ်ပြုခြင်း**

၂၀။ လိုင်စင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့သည် -

(က) လိုင်စင်လျှောက်ထားမှုကို လက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း ဆုံးဖြတ်ရမည်။

(ခ) ဆုံးဖြတ်ချက်ကို လိုင်စင်လျှောက်ထားသူထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိပဲ အသိပေးအကြောင်းကြားရမည်။

(ဂ) သတ်မှတ်ထားသောလိုအပ်ချက်များနှင့် ကိုက်ညီပါက လိုင်စင်ကိုခွင့်ပြုရမည်။

(ဃ) လိုင်စင်ကိုခွင့်ပြုပြီးပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးသွင်းစေပြီး လိုင်စင်ထုတ်ပေးရမည်။

(င) လိုင်စင်ကို ပြဋ္ဌာန်းထားသော စည်းကမ်းချက်များ နှင့်အညီ ထုတ်ပေးနိုင်သည်။

(စ) လိုင်စင်ကိုငြင်းပယ်ခြင်း၊ စည်းကမ်းချက်အတိုင်းသာ ဆောင်ရွက်ရန် ခွင့်ပြုခြင်းကိစ္စရပ်များအတွက် လိုင်စင်ထုတ်ပေးနိုင်သောအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အကျိုးအကြောင်းနှင့်တကွ အထောက်အထားခိုင်လုံမှု ရှိရမည်ဖြစ်ပြီးအယူခံရန် အတွက်လည်း လုပ်ထုံးလုပ်နည်း အသေးစိတ်ကိုရှင်းလင်းပြရမည်။

**လိုအပ်ချက်များ**

၂၁။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် သတ်မှတ်ဖော်ပြထားသော ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာစံနှုန်းများကို လိုက်နာရမည်။ ထို့ပြင် ပုဒ်မ ၂၂ ဆ ပါ တတိယအဖွဲ့အစည်းတစ်ခုထံတွင် ဆုံးရှုံးမှုအာမခံကို တစ်စုံတစ်ခုသော အတိုင်းအတာ သို့မဟုတ် သတ်မှတ်ဖော်ပြထားသောပုံစံအတိုင်း ထားရှိရမည်။ ထိုသို့ဆုံးရှုံးမှုအာမခံမထားပါက လိုင်စင်ထုတ်ပေးမည်မဟုတ်ပါ။

## အခန်း (၈)

## ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏တာဝန်များ

၂၂။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်-

(က) လုပ်ကိုင်ဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ဤဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ တာဝန်သိ၍ ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် လုပ်ကိုင် ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေတွင် ထုတ်ပြန်ထားသောလမ်းညွှန်ချက်များ၊ စီမံခန့်ခွဲမှုနှင့် ကျင့်ဝတ်နည်းစနစ်များကို ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) သဘာဝပတ်ဝန်းကျင် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်သောလုပ်ဆောင်မှု အားလုံးကိုရှောင်ကြဉ်ရမည်။

(ဃ) လူကုန်ကူးခြင်း၊ လိင်မှုဆိုင်ရာအကျိုးအမြတ်ရှာသောလုပ်ငန်းများ သို့မဟုတ် ကလေးသူငယ်များကို အရင်းပြု၍ အကျိုးအမြတ်ရှာဖွေခြင်းလုပ်ငန်းအားလုံးကို ရှောင်ကြဉ်ရမည်။

(င) ခိုင်လုံသည့် အကြောင်းပြချက်မရှိပဲ မည်သည့်ဧည့်သည်ကိုမျှ ခွဲခြားဆောင်ရွက်ခြင်း၊ လက်ခံရန် ငြင်းပယ်ခြင်းမပြုရ။

(စ) ခရီးသည်များ၏ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အစားအစာဘေးကင်းစေရေးတို့အပါအဝင်ခရီးသည်များ၏လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ပေးရမည်။

(ဆ) သင့်တော်သောအာမခံ စနစ်များထားရှိရမည်။

(ဇ) ဧည့်သည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် လျှို့ဝှက်ထားသည့် အချက်အလက်များကို ထိန်းသိမ်းကာကွယ်ရမည်။

(ဈ) ဤဥပဒေအရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့များနှင့် ယင်းတို့၏ လုပ်ငန်း များကို အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ရမည်။

၂၃။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်မိမိတို့ပေးသည့်ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောသတင်းအချက်အလက်များနှင့် ပဋိညာဉ်ဆိုင်ရာ သဘောတူညီမှုများကို ခရီးသည်များသို့အသိပေးရမည့်အပြင် သတင်းအချက် အလက်များသည် မှန်ကန်မှုရှိရမည်။

၂၄။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည် အောက်ပါအချက်အလက်များ ပါဝင်သော ယေဘုယျ စည်းကမ်းများကို ချမှတ်ထားရမည်ဖြစ်ပြီး ဝန်ဆောင်မှုများရောင်းချသောနေရာများနှင့် လုပ်ငန်းနေရာများတွင် အောက်ပါစည်းကမ်းချက်များထင်ရှားစွာရေးသား ဖော်ပြထားရမည်-

(က) စာချုပ်ဖောက်ဖျက်မှုဆိုင်ရာတာဝန်များနှင့်အငြင်းပွားခြင်းဖြေရှင်းရေးဆိုင်ရာနည်းလမ်းများ

(ခ) အာမခံဆိုင်ရာပြဋ္ဌာန်းချက်များ

(ဂ) သတ်မှတ်ထားသောအခြားကိစ္စရပ်များ

၂၅။ သဘောတူစာချုပ်သည် အီလက်ထရောနစ်ပုံစံအားဖြင့် ချုပ်ဆိုထားခြင်းဖြစ်လျှင် စည်းကမ်းများသည်လည်း အီလက်ထရောနစ်ပုံစံနှင့်ပင် ထားရှိနိုင်သည်။

**ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏ အခွင့်အရေးများ**

၂၆။ လိုအပ်သောသတ်မှတ်ချက် အရည်အချင်းနှင့် ကျွမ်းကျင်မှုများရှိသည့် မည်သည့် ပုဂ္ဂိုလ်မဆို ခရီးသွား လုပ်ငန်းနယ်ပယ်တွင် မိမိလုပ်ငန်းဖွံ့ဖြိုး တိုးတက် ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်သည်။

## အခန်း (၉)
## ခရီးသည်များ၏ တာဝန်ဝတ္တရားများ

၂၇။ ခရီးသည်များသည်-

(က) ဤဥပဒေ၏ ရည်ရွယ် ချက်များနှင့်အညီ တာဝန်ယူမှုရှိပြီး ရေရှည် တည်တံ့မှု ရှိစေမည့် နည်းလမ်းများနှင့်အညီ ခရီးသွားလာရမည်။

(ခ) နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ဒေသခံလေ့ရိုးရာ၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝအခြေခံများ သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးယိုယွင်းစေခြင်းတို့ မဖြစ်ပေါ်စေရေး လိုက်နာဆောင်ရွက်ရမည်။

**ခရီးသည်များ၏ အခွင့်အရေးများ**

၂၈။ ခရီးသည်များသည် အောက်ပါအခွင့်ရေးများရှိရပါမည်-

(က) သွားလာအသုံးပြုနိုင်သည့်ခရီးစဉ်နှင့်ဝန်ဆောင်မှုများ အားလုံးကိုခွဲခြားမှုမရှိဘဲဝင်ရောက်သွားလာဝန်ဆောင်မှုခံယူခွင့်ရှိသည်။

(ခ) ဒေသတွင်းရှိ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းတို့၏ ဝန်ဆောင်မှုများကို အလွယ်တကူနှင့် နှောင့်နှေးမှုမရှိဘဲ ဝင်ရောက်ရယူနိုင်ခြင်း။

## အခန်း (၁၀)

## ယာယီလိုင်စင်

၂၉။ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့သည် သတ်မှတ်ထားသောထူးခြားသည့် အခြေအနေများတွင် လုပ်ကိုင်ခွင့်ရက်ပေါင်း (၉၀)ထက်မကျော်သော ယာယီလိုင်စင်ကိုထုတ်ပေးနိုင်သည်။ အကယ်၍အကျိုးအကြောင်း ခိုင်လုံစွာတင်ပြနိုင်ပါက ယင်းယာယီလိုင်စင်သက်တမ်း ရက်ပေါင်း(၉၀) အပြင်နောက်ထပ်ရက်ပေါင်း(၉၀)ထက်မကျော်သောယာယီလိုင်စင်သက်တမ်းကိုထပ်မံ၍တပေါင်းတည်း တိုးမြှင့်ပေးနိုင်သည်။

### လိုင်စင်သက်တမ်းတိုးခြင်း

၃၀။ လိုင်စင်သက်တမ်းတိုးရာတွင်-

(က) လိုင်စင် စတင်ခွင့်ပြုသည့် နေ့ရက်မှ သတ်မှတ်ဖော်ပြထားသော ကာလအထိ လိုင်စင်အားလုံးသည် ဤဥပဒေ၏ လုပ်ထုံးလုပ်နည်းတစ်ခုခုအရ ယခင်က လိုင်စင် ပယ်ဖျက်ထားခြင်း မရှိပါက တရားဝင်ဖြစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်နိုင်သည်။

(ခ) သက်တမ်းတိုးလျှောက်ထားချိန်တွင် ပြဋ္ဌာန်းထားသော လိုအပ်သည့်အချက်အလက်များ ပြည့်စုံစွာဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ခြင်းရှိမှသာ လိုင်စင်သက်တမ်း တိုးမြှင့်ခြင်းအတွက်လျှောက် ထားနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းများအား သတ်မှတ်ထားသော စာရွက်စာတမ်း အထောက်အထားများသို့မဟုတ်အချက်အလက်များနှင့်အတူ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

(ဃ) လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်းများအား အချိန်မီတင်ပြပြီးဖြစ်လျှင် လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့က သက်တမ်းတိုးဆုံးဖြတ်ချက်ချချိန်အထိ ယင်းလိုင်စင်၏ သက်တမ်းရှိနေမည်ဖြစ်သည်။

(င) လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းသည် မူလလိုင်စင်သက်တမ်း ကုန်ဆုံးရက်၏ နောက်တစ်နေ့မှ စတင်သက်ရောက်သည်။ လိုအပ်ပါက ကုန်လွန်ခဲ့သော ရက်စွဲဖြင့်ပြန်ထုတ်ပေးရမည်။

### လိုင်စင်ကိုလွှဲပြောင်းခြင်း

၃၁။ သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု လိုင်စင်ကို လွှဲပြောင်းလိုကြောင်း လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်နိုင်သော မည်သူ့ကိုမဆို လိုင်စင်ကိုလွှဲပြောင်းပေးနိုင်သည်။ ဧည့်လမ်းညွှန်လိုင်စင် အား လွှဲပြောင်းခွင့်မရှိပါ။

**ဖြည့်စွက်ပြဋ္ဌာန်းချက်များ**

၃၂။ လိုင်စင်များအား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာ၌ ထင်သာမြင်သာသော အနေအထားတွင် ချိတ်ဆွဲပြသထားရမည် သို့မဟုတ် ဧည့်လမ်းညွှန်များအနေဖြင့် မြင်သာသောနေရာတွင် ချိတ်ဆွဲ ထားရမည်။

၃၃။ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့တွင်ပါဝင်သော မည်သည့်အရာထမ်းမဆို ယင်းပုဂ္ဂိုလ်၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသောပဋိပက္ခဖြစ်ပါက ပုဒ်မ ၂၀ အရ ထိုသူပါဝင်မှုကို ဆုံးဖြတ်ချက်ချခြင်း၌ပါဝင်ခွင့်မပြုရ။

၃၄။ ပယ်ဖျက်ခြင်းခံရသော လိုင်စင် သို့မဟုတ် သက်တမ်းတိုးမပေးသောလိုင်စင်ကို အာဏာပိုင်အဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၁၁)

## အယူခံအဖွဲ့

၃၅။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အယူခံအဖွဲ့ကိုအောက်ပါအဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းရမည်-

(က) ဥပဒေရေးရာကျွမ်းကျင်ပညာရှင်တစ်ဦး သဘာပတိ

(ခ) ခရီးသွားလုပ်ငန်းကျွမ်းကျင်သော ပုဂ္ဂိုလ်(၂) ဦး အဖွဲ့ဝင်

၃၆။ အဖွဲ့ဝင်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ကရွေးချယ်ခန့်အပ်ရမည်ဖြစ်ပြီးအယူခံမှုကိုကြားနာရာတွင်အရည်အချင်းမပြည့်မီသောအဖွဲ့ဝင်ကို ရွေးချယ်ထားခြင်းမှပြန်လည် ရုပ်သိမ်းနိုင်သည်။ ယင်းကဲ့သို့အခြေအနေမျိုး ဖြစ်ပေါ်လာပါကသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှနောက်ထပ်ခန့်အပ်ထားသော အရည်အချင်းပြည့်ဝသူတစ်ဦးဖြင့် အစားထိုးရမည်။

၃၇။ အယူခံအဖွဲ့ဝင်များ၏ သက်တမ်းသည် (၃)နှစ်ဖြစ်ပြီး၊(၃)နှစ်ပြည့်ပြီးပါကလည်းပြန်လည်ခန့်အပ်လိုက ခန့်အပ်နိုင်သည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အာဏာပိုင်အဖွဲ့မှ အယူခံအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးသည် ဆိုးဆိုးရွားရွားပေါ့ပေါ့ဆဆ ဆောင်ရွက်ခြင်း၊ ပြဿနာပဋိပက္ခပြေလည်သွားမှု မရှိခြင်း၊ အရည်အချင်းမပြည့်မီခြင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦး၏ အရည်အချင်းနှင့် အညီမဆောင်ရွက်နိုင်ခြင်းများ ရှိလာပါကအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းနိုင်သည်။

၃၈။ အယူခံအဖွဲ့မှ အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ အယူခံရန်လိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စမှလွဲ၍ ကျန်ကိစ္စများတွင်အယူခံအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အယူခံခြင်း**

၃၉။ အယူခံဝင်ရာတွင်-

(က) ပုဒ်မ ၂၀ အရချမှတ်ထားသောဆုံးဖြတ်ချက်ကို နစ်နာသည်ဟုယူဆရသောမည်သူမဆို ၎င်းတို့အတွက် ဆုံးဖြတ်သော အမိန့်ကြော်ငြာစာရရှိသည့် နေ့မှစ၍(၃၀)ရက်အတွင်း အယူခံ အဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံအဖွဲ့သည်အယူခံမှုကို လက်ခံနိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။

(ဂ) အယူခံအဖွဲ့သည် အယူခံကို လက်ခံရရှိပြီးသည့် နောက် (၃၀) ရက်အတွင်း ဆုံးဖြတ်ချက်ချရမည်။

(ဃ) သတ်မှတ်ကာလအတွင်း အယူခံတင်ပြီးသောကိစ္စတွင် အယူခံအဖွဲ့မှ ဆုံးဖြတ်ချက်မချမှတ်သေးမီအချိန်အထိ လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အကျိုးသက်ရောက်ခြင်းမရှိစေရ။

## အခန်း (၁၂)
## တားမြစ်ချက်များ

၄၀။ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားခြင်းမရှိသောသူတစ်ဦးတစ်ယောက်သည်-

(က) ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းမပြုရ၊

(ခ) ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများသည် အဆောက်အအုံတစ်ခုတည်းတွင်လုပ်ငန်းဆောင်ရွက်နေစေကာမူလုပ်ငန်းနှင့် ဆက်စပ်နေသော အခြားဝန်ဆောင်မှုများအတွက် သီးခြားလိုင်စင်လျှောက်ထားရမည်။လိုင်စင်တစ်ခုတွင်ဖြည့်စွက်ဝန်ဆောင်မှုအဖြစ်ဖော်ပြထားသောလုပ်ငန်းများအတွက်သီးခြားလိုင်စင် ကိုင်ဆောင်ရန် လိုအပ်ခြင်း မရှိစေရ၊

(ဂ) ခရီးသည်တည်းခိုနေထိုင်ရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းခွဲတိုင်းအတွက် သီးခြားစီလိုင်စင်ရယူထားရမည်ဖြစ်ပြီး လိုင်စင်တစ်ခုတည်းဖြင့်လုပ်ကိုင်ခြင်းမပြုရ၊

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၁။ မည်သူတစ်ဦးတစ်ယောက်မဆို-

(က) ဥပဒေပုဒ်မ ၄၅ အရသတိပေးခံရပြီး သတ်မှတ် ကာလအတွင်း သို့မဟုတ်ချက်ချင်းလိုက်နာရန် ပျက်ကွက်ပါက နည်းဥပဒေတွင် ပါဝင်သတ်မှတ်မည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ခ) ယခင်ကကျူးလွန်မှုရှိခဲ့ပြီး ပြဋ္ဌာန်းချက်တစ်ရပ် ထုတ်ပြန်ထားပြီးဖြစ်သော ပြစ်မှုကို ထပ်မံကျူးလွန်ပါက သတ်မှတ်မည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ဂ) ပုဒ်မ ၁၉ ၊အရ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် သို့မဟုတ်ဝန်ထမ်း၊ အရာထမ်းတစ်ဦးတစ်ယောက်အားယင်းတို့၏တာဝန်ထမ်းဆောင်ရာ တွင်နှောင့်နှေးစေခြင်း၊ဟန့်တားခြင်း၊ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊နှောက်ယှက်ခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်ရာတွင် နှောင့်နှေးစေရန်၊ ဟန့်တားရန်၊ ကိုယ်ထိ လက်ရောက်ကျူးလွန်ရန် သို့မဟုတ် နှောက်ယှက်ရန်အားထုတ်ကြံစည်ခြင်းတို့ကိုပြုပါက နည်းဥပဒေများဖြင့်သတ်မှတ်မည့် ပြစ်ဒဏ်နှင့်ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ဃ) ဤဥပဒေနှင့်ပတ်သက်၍ မှားယွင်းသော၊ အထင်အမြင် လွဲမှားစေနိုင်သောသို့မဟုတ် မမှန်ကန်သော သတင်း ထုတ်ပြန်ချက် တစ်ရပ်ရပ်ကိုသိလျှက်နှင့် ထုတ်ပြန်ကြေငြာခြင်း များ ပြုလုပ်ပါက ဤဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူသည် နည်းဥပဒေများဖြင့်သတ်မှတ်မည့်ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၄၂။ တရားရုံးသည် ဥပဒေပုဒ်မ ၄၁ အရပြစ်ဒဏ်ချမှတ် ပြီးသည့်အခါ တရားခံက ယင်းကျူးလွန်သည့် ပြစ်မှုကို ချေပလိုက ချေပနိုင်ခွင့်အတွက် လုံလောက်သောအချိန်သတ်မှတ်ပေးခြင်း၊ အမိန့်ထုတ်ပြန်ပေးခြင်းတို့ကိုဆောင်ရွက်ရမည်။ မည်သည့်ကိစ္စရပ်တွင်မဆိုယင်းချေပခွင့်ကို တရားစီရင်ချက်ချသည့်နေ့ရက်မှစ၍ အချိန်ကာလ(၃)လ ထက်မကျော်လွန်စေပဲဆောင်ရွက်စေရမည်။

၄၃။ ဥပဒေပုဒ်မ ၄၂ အရ အမိန့်တစ်ရပ်ရပ်ကိုထုတ်ပြန်သော အချိန်အတောအတွင်း ပြစ်မှုကျူးလွန်သူသည် လိုက်နာရန်ပျက်ကွက်ပါက သတ်မှတ်သောဒဏ်ကြေးကို ပေးဆောင်ရမည်ဖြစ်ပြီးပေးလျော်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် ကာလများအတွက် နေ့စဉ်ဒဏ်ကြေးထပ်မံ ပေးဆောင်ရမည်။

၄၄။ ပုဒ်မ ၄၀ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်သောသူအားပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်တရားရုံးရှေ့မှောက်တွင် ပြစ်မှုကြောင်း အရ တရားစွဲဆို အရေးယူ ဆောင်ရွက်ရမည်။

## အခန်း (၁၄)
## စောင့်ကြပ်ကြီးကြပ်ခြင်းနှင့်စစ်ဆေးခြင်း

၄၅။ လိုင်စင်ထုတ်ပေးနိုင်သောအာဏာပိုင်အဖွဲ့သည် ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်ချက်အားလုံးကို ကြီးကြပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ဤသို့ကြီးကြပ်ရန်အလို့ငှာ လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်အဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ထားသူ မည်သူမဆို သင့်တော်သည့်အချိန်တွင် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူ၏ လုပ်ငန်းနေရာသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။ သီးခြားပြဋ္ဌာန်း ချက်များမရှိပါက ဤအခန်း၌ပါသော လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့ ဆိုသည်မှာ အပိုဒ် ၁၉ တွင်ပါသော လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့ဖြစ်သည်။

**အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း**

၄၆။ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင်-

(က) လိုင်စင်ထုတ်ပေးနိုင်သောအာဏာပိုင်အဖွဲ့သည် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများက ဤဥပဒေတွင်ပါဝင်သည့် စည်းကမ်းချက်များအနက်မှတစ်ခုကိုချိုးဖောက်ခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးခြင်း အမှုကိစ္စတွင်လည်းကောင်း၊ လိုင်စင်ထုတ်ပေးပြီး သော်လည်း ဥပဒေစာချုပ်ကို ဆက်လက်ချိုးဖောက်ခြင်းပြုလုပ်လျှင် ကြော်ငြာစာကိုအချိန် ကန့်သတ်ချက်ဖြင့် သို့မဟုတ်ရက်ပေါင်း (၃၀) ထက်မနည်းသော ကာလအတွင်း လိုက်နာစေရန် ထုတ်ပြန်ရမည်။အခြားတစ်ဖက်တွင်လည်း လုပ်ငန်းဆောင်ရွက်ချက်များ ချက်ခြင်း ရပ်နားထားစေရမည်။ ပုံမှန်မဟုတ်သောတစ်ခုလုံး သို့မဟုတ် အသက်အန္တရာယ်ကို ထိခိုက်စေသော ကိစ္စရပ်မျိုး ဖြစ်ပါကအဆိုပါဆောင်ရွက်ချက်ကို ချက်ချင်း ရပ်ဆိုင်းရမည်။

(ခ) ဤဥပဒေအရ လိုအပ်သောခွင့်ပြုလိုင်စင်မရှိဘဲ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ပါကအခွင့်အာဏာရရှိသူမှ လိုအပ်သော ကြော်ငြာစာကို ထုတ်ပြန်ရမည်။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်မှုအား ချက်ခြင်းရပ်နားစေရမည်။

(ဂ) ဥပဒေစည်းကမ်းအတိုင်း ထုတ်ပြန်သည့် သတိပေးချက်အပေါ် သက်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ပါက လိုင်စင်အား သတိပေး ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့အားလိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့က ဆောင်ရွက်ရမည်။

(ဃ) ဥပဒေစည်းကမ်းအတိုင်း ထုတ်ပြန်သည့်ကြော်ငြာစာမိတ္တူတစ်စုံအား ခရီးသွားလုပ်ငန်းဆောင်ရွက်သူထံသို့ပေးပို့ရမည်။ အခြားမိတ္တူတစ်စုံအားခရီးသွားလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လုပ်ငန်းနှင့်ဆက်စပ်သော ပရိဝုဏ်ဝင်ပေါက်တွင် ကပ်ထားရမည်။

## အခန်း (၁၅)
## အထွေထွေပြဋ္ဌာန်းချက်များ

၄၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၈။ အမိန့်ကြော်ငြာစာ ပေးပို့ခြင်းခံရသူမှသတ်မှတ်ထားသော အချိန်ကာလအတွင်း ကြော်ငြာစာနှင့် ပတ်သက်သည့်လိုအပ်သောလုပ်ငန်းများ၊ အဆင့်များကို အကောင်အထည်ဖော် မဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေမှုအား ရပ်တံ့အောင်မပြုလုပ်ပါက အခွင့်အာဏာရပုဂ္ဂိုလ်မှ အမိန့်ကြော်ငြာစာနှင့်ဆက်စပ်၍ အောက်ပါအဆင့်များ အတိုင်းဆောင်ရွက်ရမည်-

(က) လုပ်ငန်းများအား ဝင်ရောက်ပိတ်သိမ်းခြင်း သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောအကူ အညီ တောင်းခံခြင်း၊

(ခ) တရားဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အညီပိတ်ပင်တားမြစ်ခြင်းနှင့် အမိန့်စာများ ထုတ်ပြန်နိုင်ရန် အခွင့်အာဏာပေးအပ်ခြင်း၊

၄၉။ ဤပုဒ်မအရ အမိန့်ကြော်ငြာစာထုတ်ပြန်ရခြင်းကြောင့် သင့်တင့်လျော်ကပ်သည့် ကုန်ကျစရိတ်များကို လိုင်စင်ထုတ်ပေးနိုင်သော အာဏာပိုင်အဖွဲ့သည် ခရီးသွားလုပ်ငန်းဆောင်ရွက်သူထံမှ ပြန်လည်တောင်းခံနိုင်သည်။ ဤသို့တောင်းခံခြင်းကို ဘက်လိုက်မှုမရှိပဲဆောင်ရွက်ရမည်။

၅၀။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ သတ်မှတ်ထားသောလုပ်ငန်းများနှင့် တာဝန်ဝတ္တရားများကို ထိရောက်စွာ ဆောင်ရွက်မှုပြုလုပ်နိုင်ရန် လုံလောက်သော ဘဏ္ဍာငွေကြေးရှိရမည်ဖြစ်သည်။ ထိုရည်ရွယ်ချက်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဝန်ကြီးဌာနများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များအတွက် လိုအပ်သောဘဏ္ဍာငွေကြေးကို ထောက်ပံ့ပေးရမည်။

၅၁။ ယခင်ဥပဒေအရ ထုတ်ပေးထားသောလိုင်စင်ဆိုင်ရာ ကိစ္စရပ်များအတွက် ယင်းလိုင်စင်ပါသက်တမ်းအထိ ဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေဖြင့်၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄ / ၉၃) ကိုရုပ်သိမ်းလိုက်သည်။

ပုံ

(သိန်းစိန်)

သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ